Jason Mraz

Love ဆိုတာ စကားလုံးလေးလုံးတည်းပါ။

လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းမှာ တေးရေး/တေးဆို Grammy ဆု ရရှိခဲ့တဲ့ Jason Mraz က သူ့ဘဝကို ပြောင်းလဲသွားစေမယ့် We Sing. We Dance. We Steal Things. ဆိုတဲ့ Platinum ဆုတွေအများကြီးနဲ့ အရောင်းရဆုံး အယ်ဘမ်တစ်ခုကို ထုတ်ခဲ့ပါတယ်။

ဒီအယ်ဘမ်မှာ ကမ္ဘာတစ်ဝှမ်းက လူတွေရဲ့ အသဲနှလုံးကို ဖမ်းစားနိုင်တဲ့ "I'm Yours"ဆိုတဲ့ reggae သီချင်းလေးနဲ့ မြူးကြွတဲ့ အချစ်သီချင်းလေးနဲ့ ကမ္ဘာအနှံ့ ရောင်းအား(၂၀)သန်းကျော်ပြီး ရက်သတ္တပတ် (၇၆)ပတ်ကြာအောင် Billboards Hot 100 chart ရဲ့(၅)နှစ်အတွင်း အရှိန်အကြာဆုံးတည်ရှိနေခဲ့တဲ့ အယ်ဘမ်ဖြစ်ပါတယ်။ ဒီသီချင်းနဲ့ ASCAP ရဲ့ 2010 song of Year ကို ရရှိခဲ့ပြီး Hall of Fame ရဲ့ဂုဏ်ထူးဆောင် "Hal David Starlight Award"ကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရပါတယ်။ ဒီဆုဟာဆိုရင် ကိုယ်ရဲ့ မူပိုင်သီချင်းများနှင့် ဂီတလောကထဲမှာ အဓိပ္ပါယ်ရှိရှိနဲ့ သက်ရောက်မှုတစ်ခုကို ပြုလုပ်ပေးတဲ့ တေးရေးဆရာများကို ရည်ရွယ်ပြီးပေးခြင်းဖြစ်ပါတယ်။

၂၀၁၀ခုနှစ်ထဲမှာ Jason ဟာ 'Make it Mine"အတွက် "Best Male Pop Vocal Perfomance "ကို ရရှိခဲ့ပြီး "Lucky" အတွက် "Best Pop Collaboration with vocals " ဆုကို သူနဲ့တွဲဖက်သီဆိုသူ "We Sing We Dance. We Steal Things" မှ Colbie Caill at နဲ့အတူ ရရှိခဲ့ပါတယ်။

ဒီအယ်ဘမ်ဟာ ဂီတလောကနဲ့ လူထုဆီကို အဓိက သက်ရောက်မှုရှိသော်လည်း Mraz အတွက်ကတော့ Virginia ပြည်ဖွား တေးရေးတေးဆိုတစ်ယောက်အနေနဲ့ နိုင်ငံတကာမှာအောင်မြင်ကျော်ကြားသူတစ်ယောက်အဖြစ်အနေနဲ့ သူ့ကိုယ်သူ မီးမောင်းထိုးပြလိုက်တာပါပဲ။ ကမ္ဘာအနှံ့ဖျော်ဖြေရေးပွဲများကိုလည်း နေရာအနှံ့ ပြုလုပ်ခဲ့ပြီး Carregie Hall မှ Sydney Opera House တို့မှတဆင့် ကမ္ဘာတစ်ဝှမ်းရှိ Stadium များမှာ လူမှုရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲဖို့ရန် ကူညီဖို့ရန် လှုံ့ဆော်ခြင်းများအတွက်လည်း ဖိတ်ကြားခြင်းခံခဲ့ရပါတယ်။

Mraz ဟာ ၂၀၁၂ ပွဲဦးထွက် "Waiting For My Rocket To Come" နဲ့ 2005's Mr.A-Z ပြီးနောက် ထပ်ထွက်မယ့် We Sing အတွက် road promotion ကို (၂၂)လကြာအောင် ပြုလုပ်ခဲ့ပါတယ်။ သူက ခရီးသွားခြင်းက လေပြင်းလေးတချက်၊ လေပွေတခုပါပဲလို့ ပြောခဲ့ပါတယ်။ ကျွန် - တော်အသံနဲ့ သံစဉ်ရဲ့ဗွမ်းအင်ကို လွှတ်ထုတ်လိုက်တယ် ပြီးတာနဲ့ အဲ့ဒါက ကျွန်တော်ကို နောက်တစ်ကြိမ်ချက်ခြင်းထပ်လုပ်ချင်အောင် လှုံ့ဆော် တယ်။ လူတွေကို ခံစားသက်ဝင်နိုင်စေရမယ်၊ ပြီးတော့ အဲ့ဒါက ဘာလုပ်နိုင်တယ်ဆိုတဲ့ သုံးသပ်ချက်တစ်ခုကိုပဲ ရိုးရိုးရှင်းရှင်းလေး လက်ခံလိုက်တယ်။ ကျွန်တော့်အတွက်နေရာတစ်ခုကို ခရီးသွားခြင်းတွေနဲ့ အတွေးအခေါ်စိတ်ကူးလေးတွေကနေ ရခဲ့တာ။ ကျွန်တော် ကျွန်တော့မှာ ရှိတဲ့ ဒီအတွေးအခေါ်စိတ်ကူးလေးတွေနဲ့ ကမ္ဘာအနှံ့အချစ်ကို ဘယ်လိုကျယ်ပြန့်စွာ သိရှိခံစားစေနိုင်မလဲ၊ အဲဒါက ဒီအယ်ဘမ်အသစ်အတွက် အစပြုဖို့ အရာတစ်ခု ဖြစ်လာတယ်။ ဒီအယ်ဘမ် Love ဆိုတာ စကားလုံး လေးလုံးတည်းပါ။ "မှာ အချစ်ရဲ့ အတက်အကျတွေကိုလေ့လာစူးစမ်းပြီး နက်ရှိုင်းစွာ ခံစားရတာတွေ စိတ်ဓာတ်မြှင့်တင်ပေးတာတွေကို စုဆောင်းထားပြီး Mraz က "What one does in love to make it work, and what one does in love when it's time to let go."လို့ ဆိုထားပါတယ်။

Mraz က သူ့ရဲ့အတွေ့အကြုံတွေကို သီချင်းထဲမှာ သေသေချာချာကို ထည့်ရေးထားပါတယ်။ သူဟာ သူ့ရဲ့ လေးခုမြောက် Studio album "Love Is A Four Letter Word"မှာ (၁၂)ပုဒ်နဲ့ပဲ နောက်ဆုံး ဆုံးဖြတ်လိုက်ပါတယ်။ ထုတ်ဝေသူ Joe Chiccurelli (White Stripes, Christina Perri) နဲ့ Hollywood's lengendary Sunset Sound မှာ အသံသွင်းခဲ့ပါတယ်။ Mraz ရဲ့ကြည်လင်ပြတ်သားတဲ့ Tenor အသံကို ခမ်းနားတဲ့ ဂီတ - အသွင်အပြင်နဲ့ စီစဉ်ထားပါတယ်။ နက်နက်နဲနဲခံစားရတဲ့ baby-making-Jams ကနေ စိတ်ဝင်စားဖွယ်ကောင်းတဲ့ new-Jazz, နှစ်လိုဖွယ်ကောင်းတဲ့ acoustic-guiator-strokery စည်းဝါးကျကျနဲ့ ပျော်စရာကောင်းတဲ့ Pop တွေလို့ ကျွန်တော်ခံစားရတယ် "လို့ သူပြောခဲ့ပါတယ်။ ပြီးတော့ ကျွန်တော့ရဲ့ ဒီအယ်ဘမ်မှာ ကြောက်လန့်မှုတွေနဲ့ မိုက်မဲမှုလေးတွေ ပါစေချင်တယ်။ ဘာကြောင့်လဲဆိုတော့ နားထောင်တဲ့ သူတွေကို နှစ်မျိုးစလုံးခံစားစေချင်လို့ပါ။ ကျွန်တော်က သူတို့ကို လေးလေးနက်နက်ဖြစ်စေချင်တယ်။ ဒါပေမယ့် ကိုယ့်ကိုကိုယ်တော့ အထင်ကြီး၊ မာနတက်နေတာမျိုး မဖြစ်စေချင်ဘူး။ ဒီလိုပဲ သူတို့ကို နေရောင်လေးကို ခံစားစေချင်တယ်၊ ဒါပေမယ့် နေတော့မလောင်စေချင်ဘူး။

ဘာသီချင်းတွေအတူပေါင်းစည်းထားမယ်ဆိုတာကတော့ စဉ်းစားစရာအကြောင်းပါပဲ။ ကျွန်တော့မှာ "Love" ဆိုပြီး အယ်ဘမ်ထုတ်ဖို့ အတွေးရှိပါတယ်။ အချစ်အကြောင်းကို ကျွန်တော်ပြောပြမယ်၊ အချစ်ကို တနည်းနည်းနဲ့ ဝေမျှပေးချင်တယ်လို့ Mraz က ပြောပါတယ်။ အဲဒါဟာ လွယ်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ရေးနေတဲ့အရာတွေက အချစ်ကနေ ပေါက်ဖွားလာတာလေ၊ အချစ်ကို နားလည်မှုပုံစံအသစ် မတူညီတဲ့ပုံစံနဲ့ ဒါမှ အချစ်ကိုစိတ်လှုပ်ရှားပြီး သတိရလာစေတယ်လေ၊ ဒါပေမယ့် ဒီအကြောင်း အရာတွေကို ပိုပိုပြီးစဉ်းစားလေ အချစ်က အနက်အဓိပ္ပါယ်ဖွင့်လို့မရနိုင်ဘူး။ ကျွန်တော်လည်း ဒီထက်ပိုပြီးအဓိပ္ပါယ်မဖွင့်နိုင်ဘူးဆိုတာ သိလာတယ်။ ဒါကြောင့်ကမ္ဘာကြီးကို အဓိပ္ပါယ်ဖွင့်ဖို့နဲ့ ကမ္ဘာပေါ်မှာအချစ်ကို ဘယ်လိုဖော်ပြကြလဲဆိုတာတွေသိအောင် ကျွန်တော်ခရီးတစ်ခု ထွက်ခဲ့ တယ်။ အဲ့ဒီခရီးကနေပြီး "I won't Give up" ဆိုတဲ့သီချင်းကို Hot AC Radio Charts, iTunes ရဲ့ထိပ်ဆုံးစာရင်း Top songs နဲ့ ပွဲဦးထွက် No. 1 on Billboard Digital song chart တို့နဲ့ အများပြည်သူကို သိရှိစေခဲ့ပြီးဖြစ်ပါတယ်။ အဲဒါက အတွေ့အကြုံအကြောင်းတွေပါ။ ကျွန်တော် အမှောင်တွေထဲကို သွားခဲ့ရတယ်။ ကျွန်တော် လုပ်ပြီးခဲ့သမျှတွေကို မြင်ရဖို့ ကျွန်တော်အများကြီးကြိုးစားခဲ့ရတယ်။ နောက်ထပ် နူးညံ့တဲ့ အတွေးအခေါ်လေး တွေ စဉ်းစားတဲ့အခိုက်မှာတော့ ပြင်းပြင်းပျပျ လိုချင်တောင့်တမှုတွေနဲ့ သီချင်းအငြိမ်လေးတွေဖြစ်တဲ့ In Your Hand နဲ့ 93 Million Miles တို့ပါပဲ။ အဲ့ဒီမှာ Mraz ဟာ ကိုယ်ဘယ်နေရာပဲ ဖြစ်နေဖြစ်နေ ကမ္ဘာကြီးထဲက နေရာတစ်ခုမှာ ရှိနေတာလို့ ခံစားနိုင်တယ်ဆိုတဲ့ နားလည်မှုထဲကမှ ငြိမ်းချမ်းမှုကိုတွေ့ခဲ့တယ်။

Mraz ရဲ့အောင်မြင်ခြင်းကို လေးစားတဲ့သူတွေကတော့ Sans krit မှာရှိတဲ့ ဘာသာရေးဆိုင်ရာ အဖွဲ့လိုက်သီချင်းဆိုသော အဖွဲ့အစည်းတစ်ခု ဖြစ်တဲ့ Kirtan မှာ "Everything is Sound "ဆိုပြီး Mraz က စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးခဲ့တာနဲ့ပတ်သတ်ပြီး တန်ဖိုးထားအသိအမှတ်ပြုကြပါ တယ်။ ကျွန်တော် LA မှာရှိတဲ့ Kirtans အဖွဲ့အစည်းအတော်များများကို သွားခဲ့ပြီးပါပြီ။ နောက်ပြီး လူတွေ သူတို့ဘာသာ သူတို့နေရင်း ဆုံးရှုံးမှုလေး တွေရှိနိုင်တယ်ဆိုတာတွေ အနည်းအကျဉ်းတော့ ရေးချင်ခဲ့တယ်လို့ သူကပြောပါတယ်။ Pop ဂီတထဲမှာလည်း ဘုရားကို ချီးမွမ်းခြင်းတွေ မသိမသာထည့်ပြီးဆိုတဲ့အတွေးအခေါ်ကိုလည်း ကျွန်တော်ကြိုက်ပါတယ်။

**Media Contact: Bonnye Hart | MTV EXIT | Thai Number: +66 (0)8 6040 6269| UK Number: +44 (0) 7748 623 000**
**Skype: bonnyehart | Email: bonnye.hart@mtvexit.org**

အခြားစိတ်ဝင်စားစရာကောင်းတဲ့ "Living in the moment"လို အေးအေးလေးတွေ၊ "Frank D Firer"လို ခမ်းကြမ်းကြမ်းသီချင်းလေးတွေ ၊ Settle singer - song writer ဒီသီချင်းကို Karina လေမုန်တိုင်းတိုက်ပြီးတဲ့နောက်မှာ Baton Rouge ရဲ့ အမိုးတစ်ခုအောက်မှာ ကလေးငယ်လေးတွေနဲ့ရေးခဲ့ပြီးနောက် Harmonic Humanity ဆိုတဲ့ စီဒီထုတ်ကာ အိုးအိမ်မဲ့လူတွေအတွက် ငွေကြေးထောက်ပံ့ရန်ရည်ရွယ်ပြီး ထုတ်ခဲ့ပါတယ်လို့ Mraz က ရှင်းပြပါတယ်။ ကျွန်တော်အဲ့ဒီအကြောင်းကြားရတဲ့အချိန်မှာ သူ့ဆီစာရေးပြီး မေးမြန်းခဲ့ပါတယ်။ ဒီအကြောင်းအရာတွေ ဆက်လက်ပြန့်ပွားသိရှိဖို့ရန် အရေးကြီးတဲ့အတွက်ကြောင့် ဒီသီချင်းကို ဆိုနိုင်ခဲ့ပါတယ်။ Mraz ဟာ 2010အတွင်း Free the Slaves ဆိုတဲ့ ကျွန်စနစ်တိုက်ဖျက်ရေးအဖွဲ့အစည်းတစ်ခုနဲ့ Ghana ကိုသွားတဲ့ ခရီးစဉ်မှာ အစဉ်အလာအရ ကျွန်ဖြစ်နေတဲ့ ကလေးတွေအများကြီးရှိတဲ့ကျောင်းမှာ "Freedom Song"ဆိုတဲ့ သီချင်းကို ဆိုခဲ့ပါတယ်။ အဲဒီအဖွဲ့အစည်းက ဒီသီချင်းကို သူတို့ရဲ့ theme song အဖြစ် သတ်မှတ်ခဲ့ပါတယ်။

ဒီလှုပ်ရှားပြောင်းလဲမှုတွေကြားထဲမှာ နှစ်မြှုပ်ထားတဲ့ Mraz အတွက် ရလာတာကတော့ ဂီတ၊ ချစ်ခြင်းနဲ့ မျှော်လင့်ခြင်းတွေဟာ တစ်ခုနှင့် - တစ်ခု ဆက်နွယ်စေတယ်ဆိုတာပါပဲ။ Surfrider Foundation, Free the Slaves နဲ့ the True Colors Fund တို့နဲ့လုပ်ခဲ့သလို VHI's Save the Music, Free the Children, SPARC (the School of the Performing Art in the Richmond Community), Music Cares, Life Rolls On တို့ကို တက်ကြွစွာ ထောက်ပံ့ပေးခဲ့ပါတယ်။ Mraz ဟာ စားနပ်ရိက္ခာထောက်ပံ့ပေးတဲ့အဖွဲ့အစည်းတွေ၊ လူ့အခွင့်အရေးနဲ့ လူ့အရည်အသွေး မြှင့်တင်ရေးဆိုင်ရာ အဖွဲ့အစည်းဌာနတွေနဲ့ လူကုန်ကူးမှုတွေကို အဆုံးသတ်ဖို့ရန် ပြုလုပ်ခြင်းတွေအပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် တိုင်ပွဲဝင်ခြင်း၊ အနုပညာနဲ့ပညာရေးတွေအတွက် ထောက်ခံပေးခြင်းတွေနဲ့ လိုအပ်မှုတွေကို ကူညီထောက်ပံ့ရန်အတွက် Mraz Foundation ဆိုပြီး မကြာခင်ကမှ တည်ထောင်ခဲ့ပါတယ်။

ကျွန်တော်ပြုလုပ်မယ့်အကြောင်းအရာတွေကတော့ ရိုးရိုးရှင်းရှင်းပါပဲ။ ဒီသီချင်းတွေဆိုခြင်းကြောင့် အလင်းလေးတစ်ခုတောက်ပဖို့အတွက် ဂီတကို ကျွန်တော်လွယ်ကူစွာ အသုံးချနိုင်ခဲ့ပါတယ်။ ဒီအယ်ဘမ်က ကမ္ဘာကြီးအပေါ် ကျွန်တော့်သုံးသပ်ချက်၊ အခြားသူတွေကို ပြောင်းလဲသက်ရောက်မှုတွေဖြစ်စေတဲ့ အရေးကြီးတဲ့အပိုင်းကဏ္ဍတစ်ခုမှာ ကျွန်တော်ရှိနေတယ်ဆိုတာကို နားလည်ကြောင်း ဖော်ပြထားတာပါ။ လူတွေရဲ့အောင်မြင်ခြင်း၊ လူတွေ ဝေဒနာခံစားရတာတွေကနေပြီး သန်းပေါင်းခုနစ်ထောင်လောက်ရှိတဲ့ ဘာသာပြန်ဆိုချက်တွေနဲ့ ဒီကမ္ဘာပေါ်မှာ တစ်ဦးတစ်ယောက်တည်း အားစိုက်ပြုလုပ်နေမယ်ဆိုရင်တော့ ချစ်ခြင်းမေတ္တာအနည်းငယ်နဲ့ ခရီးရှည်ကြီးကို သွားသလိုဖြစ်နေပါလိမ့်မယ်။ ကျွန်တော် ဖြစ်တည်ရှိနေတဲ့နေရာကို ရိုးရိုးလေးစဉ်းစားလိုက်တဲ့အခါ အဲဒါက ကမ္ဘာခြားသွားသလိုဖြစ်စေပါတယ်။

Media Contact: Bonnye Hart | MTV EXIT | Thai Number: +66 (0)8 6040 6269| UK Number: +44 (0) 7748 623 000
Skype: bonnyehart | Email: bonnye.hart@mtvexit.org